# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၅၁ ခုနှစ်၊ အထူးတရားမရုံးအက်ဥပဒေ။
# [၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၃။]
# ၁၃၁၃ ခု၊ ပြာသိုလဆုတ် ၄ရက်။
# (၁၉၅၂ ခု၊ ဇန္နဝါရီလ ၁၅ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ် ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၅၁ ခုနှစ်၊ အထူးတရားမရုံးအက်ဥပဒေ**ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟုအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆင့်ဆိုသည့်နေ့တိုင်အောင် အာဏာတည်ရမည်။ ယင်းသို့အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း အားဖြင့် ဤအက်ဥပဒေအာဏာတည်ခြင်းမှရပ်စဲသောအခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ရှိအက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်ရမည်။

၂။ ။ ဤအက်ဥပဒေတွင်-

(က) "အထူးတရားမရုံး"ဆိုသည်မှာ၊ ပုဒ်မ ၃အရဖွဲ့စည်းသည့် အထူးတရားမရုံးကို ဆိုလိုသည်။

(ခ) "နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့" ဆိုသည်မှာ၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲ သီးနှံရောင်းဝယ်ရေးအဖွဲ့ဆိုင်ရာအမိန့် (State Agricultural Marketing Board Order, 1947) အရ ဖွဲ့စည်းထားသည့် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ကိုဆိုလိုသည်။

၃။ ။ နိုင်ငံတော်သမတသည်၊ အထူးတရားမရုံးတခုကို ဖွဲ့စည်းနိုင်သည်။ ထိုတရားမရုံးတွင် နိုင်ငံတော်သမတကခန့်ရမည့် အဖွဲ့ဝင်သုံးဦးပါဝင်ရမည်။ အထူးတရားမရုံး၏နာယကသည် လွှတ်တော်ချုပ် တရားဝန်ကြီးတဦးဖြစ်ရမည်။ အခြားအဖွဲ့ဝင်များကို လွှတ်တော်တရားဝန်ကြီးများထဲမှ ဖြစ်စေ၊ တရားမ ခရိုင်တရားသူကြီးအဖြစ်ဖြင့် အနည်းဆုံးနှစ်နှစ် ဆောင်ရွက်ခဲ့သူများထဲမှဖြစ်စေ၊ လွှတ်တော်ရှေ့နေအဖြစ် ဖြင့်အနည်းဆုံး ဆယ်နှစ်အမှုလိုက်လဲဆောင်ရွက်ခဲ့သူများထဲမှဖြစ်စေ ခန့်ရမည်။

၄။ ။ အထူးတရားမရုံးမှာ၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အား စွဲဆိုရန်ရှိသော စပါး၊ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုများရောင်းချသည့်အတွက် ရရန်ရှိသည့်တန်ဘိုးငွေများနှင့်ပတ်သက်၍ တရားမမှုလမှုကို၊ သို့တည်းမဟုတ် စပါး၊ ဆန်၊ ဆန်ကွဲနှင့် ဖွဲနုများရောင်းချသည့်အတွက် ရရန်ရှိသည့် တန်ဘိုးငွေများနှင့် ပတ်သက်၍ အခြားမူလမှုခင်းကိုသာလျှင်စစ်ဆေးစီရင်ရန် အာဏာရှိရမည်။ ထိုကဲ့သို့သော တရားမမှုကို၊ သို့တည်းမဟုတ် မှုခင်းကို

အခြားတည်ဆဲတရားဥပဒေများတွင်၊ နယ်နိမိတ်ဆိုင်ရာ၊ သို့တည်းမဟုတ် အမှုတန်ဘိုးဆိုင်ရာများ၊ မည်သို့ပင်ပါရှိစေကာမူ၊ အထူးတရားမရုံးတွင်စွဲဆိုနိုင်ရမည်။

၅။ ။ တရားလွှတ်တော်က တရားမမူလမှု၊ သို့တည်းမဟုတ် အခြားမူလမှုခင်းစစ်ဆေးစီရင်သည့်အခါ၊ ရရှိသုံးစွဲသောအာဏာအားလုံးကို အထူးတရားမရုံးသည် ရရှိသုံးစွဲနိုင်ရမည်။ ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းခြင်းမပြုသည့် အချက်များနှင့်စပ်လျဉ်း၍ အထူးတရားမရုံးသည် တရားမမူလမှု၊ သို့တည်းမဟုတ် အခြားမူလမှုခင်းစစ်ဆေးစီရင်သည့်အခါ၊ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာနိုင်သမျှလိုက်နာရမည်။

၆။ ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၅-က၏ ပုဒ်မခွဲ(၂) တွင် မည်သို့ပင်ပါရှိစေကာမူ၊ အမှုသည်တဦးဦး သည်မဟုတ်မမှန်သော၊ သို့တည်းမဟုတ် အနှောင့်အရှက်ဖြစ်စေသော တောင်းဆိုချက်တခုခုကိုတင်သွင်း လျှင်၊ အထူးတရားမရုံးသည် ထိုပုဒ်မ၏ ပုဒ်မခွဲ (၁)တွင် ဖေါ်ပြထားသောအာဏာများကိုသုံးစွဲလျက်၊ လျော်ကြေးအဖြစ်ဖြင့် သုံးထောင်အထိ ယင်းသို့တင်သွင်းသူက စရိတ်ငွေပေးဆောင်ရမည်ဟု အမိန့်ချမှတ်နိုင်သည်။

၇။ ။ (၁) အထူးတရားမရုံးသည်၊ နာယက ကသတ်မှတ်သည့် နေရာနှင့်အချိန်တွင် ရုံးထိုင်ရမည်။

(၂) အထူးတရားမရုံး၏ အဖွဲ့ဝင်တဦးဦးသည်၊ တရားမမူလမှုတခုခုကိုဖြစ်စေ၊ အခြားမူလမှုခင်းတခုခုကိုဖြစ်စေ၊ ဆက်လက်စစ်ဆေးစီရင်ခြင်းမပြုနိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက် များနှင့်မဆန့်ကျင်စေဘဲ၊ ထိုအဖွဲ့ဝင်၏နေရာတွင်အခြားသူတဦးကို ခန့်နိုင်သည်။ ထို့ပြင်ထိုအဖွဲ့ဝင်သစ်ကို အမှုစတင်စစ်ဆေးသည့်နေ့မှစ၍ ခန့်ဘိသကဲ့သို့ ထိုတရားမမှုကို၊ သို့တည်းမဟုတ် မှုခင်းကိုဆက်လက် ဆောင်ရွက်ရမည်။

(၃) အထူးတရားမရုံး၏အဖွဲ့ဝင်များအချင်းချင်းသဘောကွဲလွဲသည့်အခါ၊ အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်အတိုင်းဆုံးဖြတ်ရမည်။

၈။ ။ (၁) အထူးတရားမရုံးမှာ၊ အမှုစစ်ဆေးခြင်းကို တရားဖြောင့်မှန်ရေးအကျိုးငှါ ရွှေ့ဆိုင်းရန်လိုအပ် သည်ဟု ယူဆသည့်အခါမှတပါး၊ အခြားမည်သည့်အကြောင်းကိစ္စအတွက်မျှ၊ အမှုစစ်ဆေးခြင်းကို ရွှေ့ဆိုင်းရန်တာဝန်မရှိစေရ။

(၂) သက်သေတဦးဦး၏ အစစ်ခံချက်သည် အရာရောက်လိမ့်မည်မဟုတ်ဟူ၍ ယူဆလျှင်၊ အထူး တရားမရုံးသည် ထိုသက်သေကိုဆင့်ခေါ်ရန်ငြင်းဆိုနိုင်သည်။

(၃) အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ အထူးတရားမရုံးသည်၊ မိမိ စစ်ဆေးသည့် သက်သေအသီးသီး၏ အစစ်ခံချက်ကို အကျဉ်းချုပ်ရေးမှတ်ထားရမည်။

(၄) ဤအက်ဥပဒေအရ၊ အထူးတရားမရုံးက ချမှတ်သောဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကိုမည်သည့် တရားရုံးတွင်မျှ အယူခံဝင်ခွင့်မရှိစေရ။

၉။ ။ ရုံးခွန်တော်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ အထူးတရားမရုံး၌ စွဲဆိုသောတရားမမူလမှုများ နှင့်ဖြစ်စေ၊ အခြားမူလမှုခင်းများနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ ။ အမှုသည်တဦးဦးက လျှောက်ထားသည့်အခါ၊ အထူးတရားမရုံးသည်အမှုသည်များအား နို့တစ်စာ ပေးပြီးလျှင်၊ ထိုသူတို့အနက် ကြားနာစေလိုသူတို့၏ လျှောက်လဲချက်များကိုကြားနာပြီးနောက်သော်၎င်း၊ နို့တစ်စာမပေးဘဲ မိမိအလိုအလျောက်သော်၎င်း၊ အခြားမည်သည့်တရားရုံးတွင်မဆို မပြီးပြတ်ရှိနေသေး သည့်

နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အား စွဲဆိုသောတရားမမှုလမှုကို၊ သို့တည်းမဟုတ် အခြားမူလမှုခင်းကို မည်သည့်အခြေအနေတွင်မဆို နုတ်သိမ်းပြီးလျှင်၊ ၎င်းကိုစစ်ဆေးစီရင်ခြင်း၊ သို့တည်းမဟုတ် စီရင်ဆောင်ရွက်ခြင်းပြုနိုင်သည်။

သို့ရာတွင် အထူးတရားမရုံးက ဤပုဒ်မအရ၊ တရားမမူလမှုတခုခုကို၊ သို့တည်းမဟုတ် အခြားမူလမှုခင်း တခုခုကိုနုတ်သိမ်းခြင်းမပြုမီ၊ ထိုတရားမမှုနှင့်ဖြစ်စေ၊ မှုခင်းနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ပေးဆောင်ပြီးဖြစ် သော ရုံးခွန်တော်ကို၊ ပုဒ်မ ၉ပါပြဋ္ဌာန်းချက်ကြောင့် ပြန်ပေးရန်လိုသည်ဟု အဓိပ္ပါယ်မကောက်ယူရ။

၁၁။ ။ အထူးတရားမရုံးကချမှတ်သော ဒီကရီကို၊ သို့တည်းမဟုတ်အမိန့်ကို၊ အကယ်၍ ဤအက်ဥပဒေအာဏာမတည်ခဲ့ပါမူ၊ ထိုဒီကရီနှင့် သို့တည်းမဟုတ် အမိန့်နှင့်သက်ဆိုင်သော တရားမ မူလမှုကို၊ သို့တည်းမဟုတ်အခြားမူလမှုခင်းကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိမည့် တရားမရုံးတွင်သာလျှင်၊ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဇာရီပြုနိုင်ရမည်။

၁၂။ ။ (၁) ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စအတွက်၊ အထူးတရားမရုံးအဖွဲ့ဝင်တဦးဦးအား၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်း ဖြစ်စေ မစွဲဆိုရ။

(၂) ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး၊ ဤအက်ဥပဒေအရ ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စကြောင့်ဖြစ်သော၊ သို့တည်းမဟုတ် ထိုကိစ္စကြောင့်ဖြစ်ရန်အကြောင်းရှိသော ပျက်စီးနစ်နာမှုအတွက်အစိုးရအား၊ တရားမမှုဖြစ်စေ၊ အခြား မှုခင်းဖြစ်စေ မစွဲဆိုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊<br>
နိုင်ငံတော်ယာယီသမတ၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၃ ခု၊ ပြာသိုလဆုတ် ၄ ရက်။<br>
(၁၉၅၂ ခု၊ ဇန္နဝါရီလ ၁၅ ရက်။)

အမိန့်အရ၊<br>
ပါစိန်၊<br>
နိုင်ငံတော်သမတအတွင်းဝန်။<br>
[အမှတ် ၉]